

## ဒေါင်းအလံစိုက်မယ့် ရင်ပြင်

ကျွန်တော်တို့ တက္ကသိုလ်ရောက်စ အပြင်စာအုပ်တွေနောက် သားကောင်လိုက်သလို လိုက်ကြချိန်၊ ဆရာအောင်ပြည့်၏ 'ပြုံမှာလေလား မိုးရဲ့'လုံးချင်းဝတ္ထုကို အတန်းနောက်ဆုံးခုံမှာ ကွယ်ဖတ်ကြချိန်။

ဒီမိုကရေစီခေတ်က ကျောင်းသားသမဂ္ဂမှ ထုတ်ခဲ့သည့် စာစောင်များ သမဂ္ဂခေါင်းဆောင်တွေ၏ မိန့်ခွန်းများကို လှူရှင်းသည့် အခန်းလွတ်များ၌ လဲလှယ်ဖတ်ကြချိန်။

ဝန်းချီဆရာကျော်မင်းမောင်၏ ၁၉၇၈-၇၉ ရန်ကုန်စိန္တာသိပ္ပံ တက္ကသိုလ်နှစ်လည်မဂ္ဂဇင်း မျက်နှာဖုံးကို ကိုယ်စိတ်ချရမည်ထင်သူများအား ဖွင့်ဆိုရှင်းပြကြချိန်။

'ရင်ပြင်နီ'အမည်ရှိ စာအုပ်သည်ကား ကဗျာစာအုပ်များစွာထဲ နာမည်ပင် တီးတိုးခေါ်၍ မိတ်ဆက်ကြရသည်ကို မှတ်မိနေသေးသည်။ ဖတ်ခွင့်ရသူတွေကလည်း နောက်ကျောဘက် ခဏခဏလှည့်ကြည့်ပြီး



ဖတ်ခဲ့ရသလို၊ ပြန်နားထောင်ခွင့်ရသူတွေကလည်း နားထောင်ရင်း ဟိုကြည့်ဒီကြည့်။

ကျွန်တော်တို့မှာ နာမည်ကျော် 'ဆဲဗင်းရှလိုင်' နောက်ခံစာအုပ်ဆိုတာသာ သိခဲ့ရသည်။ ဘယ်သူတွေက တာဝန်ခံ၍ ဘယ်လိုထုတ်ခဲ့သည် ဆိုတာလည်း မသိ။ ကျနော်တို့ခေတ်မှာလို ဖယောင်းစက္ကူပေါ် ရေစာစက္ကူစက်(ဂက်စတင်နာ)ဖြင့် လှည့်ထုတ်ခဲ့သည်ဟု ထင်ခဲ့သေး။

နောင်မှသိရသည်က 'မန္တလေးဆောင် သဟာယနှင့်စာဖတ်အသင်း'ကထုတ်သည့် ရင်ပြင်နီခြောက်လမြောက် အထူးစာစောင် တဲ့။

ကျောင်းသားသမိုင်းနှင့် ဆက်စပ်စာအုပ်များအကြောင်းပြောကြမည်ဆိုလျှင် ဤ'ရင်ပြင်နီ'ကို ချန်လှပ် မကျန်ခဲ့စေလိုပါ။

ကာလရှည်အမှောင်ခေတ်ကြီးတလျှောက် ပိတ်ဆို့ကာရန် အမေ့လျော့ခံ 'ရင်ပြင်နီ'သည် ယခုအလင်းတောက်ချိန်တန်ပြီထင့်။

ကျောင်းနံရံတစ်ဝိုက် ဒေါင်းအလံပြန်စိုက်မည်ဆိုရင်

ဒီမှာလာစိုက်လှည့်ပါဟု ရင်ပြင်နီက ခေါ်နေသယောင်။

ကျွန်တော်တို့မျိုးဆက်တွေ ခံစားရပါသည်။

ကျွန်တော်တို့ မမီလိုက်သော ရှေ့မျိုးဆက်တို့၏ အရင်းပြုမှုများဖြင့် ယနေ့တလူလူထူနေသော ဒေါင်းအလံများကိုကိုင်ဆောင်ထားသည့် မျိုးဆက်သစ်တွေကိုလည်း 'ရင်ပြင်နီ'သို့ တစ်ခေါက်တစ်ခါ ခေါ်သွားချင်ပါဘိ။

မင်းကိုနိုင်





### ရင်ပြင်နီမှသွေးတစက်

ပမာဆိုလျှင်၊ ဤရင်ပြင်သည်
ရှုမြင်မကောင်း၊ သွေးစီးကြောင်းနှင့်
အုတ်သောင်းညှံညှံ၊ ငွေ့တပျံ့လွှား
ပျော်ပါးရာမြေ၊တူလှပေ၏။
ရင်ပြင်နီတွင်၊ သေပွဲဝင်သည့်
သူ့ရင်မှထွက်၊ သွေးတစက်မူ–လန်းလျက်ရှင်နေသေးခဲ့သည်။
သွေးတစက်၏
ဆက်လက်ပြောကြား၊ ညွှန်းချက်များကား
အင်အားကိုစု၊ ညီမှုကိုဆောင်
ထမှောင်ကိုခွာ၊ မှန်ရာကိုလုပ်
အယုတ်ကိုဖျောက်၊ လက်တွဲလျှောက်၍
အကြောက်ကိုနှင်၊ ဤရင်ပြင်သည်
ဒို့လျှင်စိုးမိုးနိုင်ရမည်။
ထုစုနှစ်များ၊ ကျော်လွန်သွားလည်း
ထင်ရှားမပျက်၊ သူ့သွေးစက်သည်
ဆက်လက်နီရဲနေမည်တည်း။ ။

အင်းလေး–ကျော်သန်း



### သူတို့အကြိုက်

မျက်စိကိုမှိတ်
နားကိုပိတ်၍
ဆိတ်ဆိတ်နေမှ ကြိုက်သတဲ့။ ။

တက္ကသိုလ်–မောင်ကုံကော်

### ကြုံဆုံရဦးမည်

တွေးမိတိုင်းရှင့်
ရင်နင့်နင့်ပါ၊ လက်ဖြစ်ပြန်လျက်
မချေဖျက်တဲ၊ ကွဲပျက်မှာပင်
မကြုံချင်လည်း၊ ထို....သင်တနေ့
ကြုံတွေ့ရပေဦးမည်။ ။

စိမ်းပြုံ(ရန်ကုန်–တက္ကသိုလ်)